# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်　　၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၄ ရက်၊ အင်္ဂါနေ့　　အတွဲ (၅၉)၊ အမှတ် (၂၈၅)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/ တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## ကျောင်းသူကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ ပြန်ပြီးဖွင့်ဖို့ စပြီး ခြေလှမ်းမှာဖြစ်ကြောင်း သတင်းစကားပါး

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျောင်းသူကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ covid ကြောင့် ပိတ်ထားရတာက ပြန်ပြီးဖွင့်ဖို့ စပြီးခြေလှမ်းမှာဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်းမာရေးနဲ့ ပညာရေးအဆင့်အတန်းကောင်းဖို့က နိုင်ငံသူနိုင်ငံသားများအတွက် အခြေခံကျတဲ့ လိုအပ်ချက်များ ဖြစ်ပါကြောင်း၊ နှစ်ခုစလုံးဟာ တစ်သက်တာအတွက် လိုအပ်ချက်တွေဖြစ်၍ နှစ်ခုစလုံးကို အမြဲဂရုစိုက် ပြုစုပျိုးထောင်ဖို့ လိုပါကြောင်း။

ကျန်းမာရေးကတော့ ဟုတ်ပါပြီ၊ ပညာက တစ်သက်လုံး ဆည်းပူးနေရမှာလားလို့ စောဒကတက်သူများ ရှိနိုင်ပါကြောင်း၊ ဒီမှာ ပညာကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖော်စေချင်ပါကြောင်း၊ လောကီ၊ လောကုတ္တရာအမြင် တိုးတက် လေးနက်ရာလေးနက်ကြောင်း လေ့လာ၊ ရှာဖွေ၊ ဆင်ခြင်တာ ပညာရှာတာပဲ မဟုတ်ပါလား၊ ပညာဆိုတာ တကယ်တော့ လူတိုင်း ကိုယ်တိုင်ရှာရတာဖြစ်ပါကြောင်း၊ ကျောင်းတွေရဲ့ အဓိကတာဝန်က ကျောင်းသူကျောင်းသားတွေ ပညာရှာတတ်အောင် သင်ပေးဖို့ဖြစ်သဖြင့် ပညာရေးစနစ်တစ်ခုရဲ့ အောင်မြင်မှုအဆင့်ကို ပညာရှာတတ်သူ ဘယ့်လောက်မွေးထုတ်နိုင်လဲဆိုတာကြည့်ပြီး ဆုံးဖြတ်ရမှာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ ပညာရေးစနစ် တကယ်မြင့်ဖို့ လုပ်ရမှာတွေ အများကြီးရှိနေပါသေးကြောင်း၊ ဒါကြောင့် ပညာရေးကို ကျန်းမာရေးနဲ့ တန်းတူအလေးထား ဆောင်ရွက်နေတာဖြစ်ပါကြောင်း။

ကျောင်းသူကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးပါကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ covid ကြောင့် ပိတ်ထားရတာက ပြန်ပြီးဖွင့်ဖို့ စပြီးခြေလှမ်းမှာဖြစ်ပါကြောင်း၊ အများသိကြတဲ့အတိုင်း အထက်တန်းကျောင်းများဖွင့်တာနဲ့ ပြန်စမည် ဖြစ်ပါကြောင်း၊ ဒီအစီအစဉ် အဆင်ပြေမှုအပေါ်မူတည်ပြီး အလယ်တန်း၊ မူလတန်းများ ဖွင့်ဖို့ ဆက်လက်စီစဉ်မှာ ဖြစ်ပါကြောင်း။

တားဆီး၊ ကုသဆေး မပေါ်သေးတဲ့ ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ ခြေတစ်လှမ်း လှမ်းဖို့ရာ တွက်ချက်ရတာတွေက အများကြီးရှိပါကြောင်း၊ ခပ်မှန်မှန်နဲ့ မြန်နိုင်သရွေ့ မြန်မြန်ခရီးရောက်ဖို့ကြိုးစားရတာပါပဲ ဟု ရေးသားထားသည်။

- ကျန်းမာရေးနဲ့ ပညာရေးအဆင့် အတန်းကောင်းဖို့က နိုင်ငံသူ နိုင်ငံသားများအတွက် အခြေခံ ကျတဲ့ လိုအပ်ချက်များဖြစ်
- နှစ်ခုစလုံးဟာ တစ်သက်တာ အတွက် လိုအပ်ချက်တွေဖြစ်၍ နှစ်ခုစလုံးကို အမြဲဂရုစိုက် ပြုစု ပျိုးထောင်ဖို့လို


**အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားစဝ်စံထွန်း** — အာဇာနည်နေ့အကြို ဆောင်းပါး　စာ - ၆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** 　စာ - ၉


